## <u>ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၃၀)</u>

### လူထုနိုင်ငံရေးပါတီစနစ် နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ လူထုရဲ့လက်တွေ့ဘဝနဲ့ တိုက်ရိုက် ဆက်စပ်မှုရှိရပါမယ်။ ဖွဲ့စည်းပုံထဲမှာပြဋ္ဌာန်းထားတာက တမျိုး၊ လူထုရဲ့ လက်တွေ့ဘဝမှာ ဖြစ်နေတာက တခြားဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လူထုအတွက် ဘာမှ အသုံးမကျတဲ့ စါတမ်းတစောင်သာ ဖြစ်နေမှာပါ။

ယခုအချိန် မြန်မာနိုင်ငံမှာ သမိုင်းမှာ အဆိုးဝါး အပြင်းထန်ဆုံးမုန်တိုင်းဒဏ်ကို လူထုခံစါးနေရပါပြီ။ ရက်သတ္တပတ် လေးပတ်ခန့်ကြာခဲ့ပေမယ့် နိုင်ငံတကာက အဆင်သင့်ပေးဘို့စောင့်နေတဲ့ အကူအညီတွေ လူထုလက်ထဲကို ထိထိရောက်ရောက် မရောက်သေးပါဘူး။ ဘာကြောင့်လဲဆိုတော့ နအဖဟာ သူ့ရဲ့တချက်လွှတ်အခွင့်အာဏာကို အသုံးပြုပြီး ငြင်းပယ်နေခဲ့တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ အကျိုးဆက်အနေနဲ့ ကတော့ မသေသင့်သူပေါင်းမြောက်များစွာ ဆက်လက်ပြီး သေဆုံးနေကြ၊ ဒုက္ခတွေ လျော့ပါးသက်သာသင့်ပါရက်နဲ့ သိန်းနဲ့ သန်းနဲ့ချီတဲ့ လူထုတွေ ဆက်လက်ပြီး အတိဒုက္ခခံစါးနေကြရ တာပါ။

မြန်မာနိုင်ငံမှာ လေမုန်တိုင်းဒဏ်ခံရပြီးလို့ ကိုးရက်အကြာမှာဘဲ တရုပ်ပြည်မှာလည်း ငလျင်ဘေး ဒဏ်ကိုကြီးကြီးမားမားခံလိုက်ရပါတယ်။ ဖြစ်ပြီးတာနဲ့ သုံးရက်လောက်အတွင်းမှာ နိုင်ငံတကာ အကူအညီတွေကို လက်ခံခဲ့ရုံသာမက တရုပ်အစိုးရကိုယ်တိုင်က ဒုက္ခရောက်နေတဲ့ သူ့လူထုကိုချက်ခြင်း ထိထိ ရောက်ရောက် ကယ်တင် စောင့်ရှောက်နိုင်တဲ့အတွက် ကမ္ဘာ့ကုလသမဂ္ဂရဲ့အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကိုယ်တိုင်က မကြာခင်ကတင်ဘဲ ထုတ်ဖေါ်ချီးကျူးသွားခဲ့ပါတယ်။ တရုပ်နိုင်ငံနဲ့ မြန်မာနိုင်ငံ ဘာကြောင့် ဒီလိုခြားနားနေရသလဲ။ တရုပ်ခေါင်းဆောင်တွေက သဘောကောင်းပြီး နအဖ ခေါင်းဆောင်တွေက သဘောဆိုးနေလို့လား။ ဒီလို စဉ်းစားရင်မှားသွားပါလိမ့်မယ်။ ဒီ နှစ်ခုရဲ့ ခြားနားမှုကို နိုင်ငံရေးစနစ်နောက်ခံနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံတွေကနေဆွေးနွေး တင်ပြလိုပါတယ်။

တရုပ်ပြည်နိုင်ငံရေးစနစ်ရဲ့ ကြောရိုးဟာ နိုင်ငံရေးပါတီဖြစ်ပါတယ်။ အတိအကျပြောရရင် တရုပ်ပြည်နိုင်ငံရေးစနစ်ကို ဝင်ရိုးသဘွယ် လည်ပတ်နေတာကတော့ ၁၉၂၁ ခုနှစ်ကနေ စတင်တည်ထောင်လာခဲ့တဲ့ တရုပ်ပြည်ကွန်မြူနစ် ပါတီပါဘဲ။ တရုပ်ပြည်ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုအောက်မှာ တရုပ်တပြည်လုံးကို စည်းရုံးနိုင်ပြီး မြေရှင်ပဒေသရာဇ်စနစ်အောက်ကနေ လွတ်မြောက်အောင် တိုက်ပွဲဝင်နိုင်ခဲ့တဲ့အတွက် တရုပ်ပြည်မှာ သြဇာကြီးလှတဲ့ ပါတီကြီးဖြစ်ပါတယ်။ ဒါပေမယ့် အထူးသဖြင့် ၁၉၅၆ ကနေ ၁၉၆၆ ခုနှစ်တွေအကြားမှာ တရုပ်ပြည်ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုအောက်မှာ ယဉ်ကျေးမှု တော်လှန်ရေးကြီးဆင်နွှဲခဲ့တဲ့ အခါမှာတော့ အမှားအယွင်းတွေ ကျူးလွန်ခဲ့တယ်လို့ပါတီခေါင်းဆောင်တွေကိုယ်တိုင် ပြန်လည်သုံးသပ်မှုတွေ ပြုခဲ့တယ်။ အဲဒီကာလတွေတုံးက အထူးသဖြင့် ဥပဒေစိုးမိုးရေး အခြေခံတွေ ပျက်စီးသွားခဲ့တယ်လို့ တရုပ်ဥပဒေပညာရှင်တွေက နိဂုံးချုပ်ကြပါတယ်။ ၁၉၇၄ ခုနှစ်လောက်မှာ တရုပ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်ရဲ့ခေတ်မှီရေး လေးရပ်အတွေးအခေါ်အသာစီးရလာတဲ့ နောက်မှာ ဥပဒေစိုးမိုးရေးမူတွေကို လေ့လာလိုက်စါးလာခဲ့တယ်။ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အောက်မှာ တရုပ်ပြည်ကွန်မြူနစ်ပါတီကို ထားရှိ ကျင့်သုံးလာပါတယ်။ တရုပ်ပြည် ကွန်မြူနစ်ပါတီဟာ တရုပ်ပြည်မှာ ၁၉၅၈–၆၁ ခုနှစ် သဘာဝ ဘေးအန္တရာယ်ကြုံခဲ့ရစဉ်တုံးက ပါတီတည်ဆောက်မှုမျိုး မဟုတ်တော့ဘူးလို့ သိရပါတယ်။

တရုပ်ပြည်မှာ ကျင့်သုံးတဲ့စနစ်ကတော့ တိုင်းပြည်ရဲ့မူဝါဒတွေကို တရုပ်ပြည်ကွန်မြူနစ်ပါတီ အဖွဲ့အစည်းတွေက ချမှတ်တာဖြစ်တယ်လို့ ရှန်ဟိုင်း လူမှုရေး ပါမောက္ခ ရှင်ဂူမင်းက ထောက်ပြပါတယ်။ အဲဒီလို မူဝါဒတွေ ချမှတ်ရာမှာ လူထုတွေ ပါဝင်ခွင့်ကို ဖန်တည်းပေးထားတယ်။ ဒါကြောင့် ပထမဆုံးအနေနဲ့မူဝါဒပိုင်းဆိုင်ရာ အခြေခံကြောရိုးတွေကို ပါတီဗဟိုကော်မတီနဲ့ ပေါ်လစ်ဗျူရိုခေါင်းဆောင်တွေရဲ့ မိန့်ခွန်းတွေမှာ တွေ့နိုင်တယ်။ ဒုတိယ အနေနဲ့ကတော့ အစိုးရပိုင်းဆိုင်ရာတွေက မူဝါဒ အသေးစိတ်တွေကိုစကားလုံးတွေ အဖြစ်ပြောင်းလဲပြီး ပြုစုရတယ်။ တတိယ အနေနဲ့ တရုပ်ပြည်ရဲ့အမြင့်ဆုံးဖြစ်တဲ့ အမျိုးသား ပြည်သူ့ကွန်ဂရက်က ဥပဒေတွေ အဖြစ် ပြဋ္ဌာန်းအတည်ပြုပေးရတယ်။

ချုပ်ပြီးပြောရရင် တရုပ်ပြည်ကွန်မြူနစ်ပါတီက မူဝါဒတွေ ချမှတ်ရာမှာ အခြေခံ လူထုတွေ ပါဝင်ခွင့်ရှိတယ်။ ပါတီရဲ့မူဝါဒတွေကို အစိုးရပိုင်းဆိုင်ရာတွေက လေးစါးလိုက်နာရတယ်။ ဥပဒေ ဖြစ်သွားပြီးတဲ့ အခါမှာ ပါတီရော၊ အစိုးရရော၊ စစ်တပ်တွေရော အားလုံး နာခံရတယ်။ တရုပ်ပြည်ရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၂၉) မှာတရုပ်ပြည်မှာရှိတဲ့ လက်နက်ကိုင် တပ်မတော်တွေအားလုံးကို ပြည်သူလူထုကပိုင်တယ် ရယ်လို့အတိ

အလင်းပြဋ္ဌာန်းထားတယ်။ တရုပ်တပ်မတော်ဟာ လူထုအစိုးရရဲ့အုပ်ချုပ်မှုအောက်မှာ၊ တရုပ်ပြည် ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုအောက်မှာ ထားရှိနာခံရတဲ့မူကို လက်တွေ့ကျင့်သုံးတယ်။

တရုပ်ပြည်မှာ မြေငလျှင်ကြီး လှုပ်ခတ်လာတဲ့အခါမှာ တရုပ်အစိုးရက သူ့လူထုကို ဂရုစိုက် ရတယ်ဆိုတာဟာဂရုမစိုက်ရင် နေလို့မရတဲ့ နိုင်ငံရေးစနစ်အခြေခံကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဖန်တည်းထားလို့ပါဘဲ။ နိုင်ငံရေးပါတီစနစ်ကို ရှင်သန်အားကောင်းအောင်လုပ်ထားပြီး လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုမူ (Civilian Supremacy) ကို ဖေါ်ဆောင်ထားနိုင်တာကြောင့် ဖြစ်တယ်။ လူထုပါတီက ချမှတ်တဲ့ မူဝါဒတွေကို စစ်တပ် က လိုက်နာလုပ်ဆောင်ရတာ ဖြစ်ပါတယ်။

အခြား အိမ်နီးခြင်းနိုင်ငံကြီး တနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံကိုလည်း တစေ့တစေါင်းလေ့လာကြည့်ရအောင်ပါ။ ဒီမိုကရေစီကို အခြေခံတဲ့ နိုင်ငံရေးပါတီစုံ စနစ်အားကောင်းတာကို တွေ့ရပါလိမ့်မယ်။ ၁၈၈၅ ခုနှစ်က ထဲက စတင်တည်ထောင်ခဲ့ပြီး အခုအချိန်အထိ အားကောင်းကောင်းရပ်တည်နေဆဲဖြစ်တဲ့ ကွန်ဂရက်ပါတီဆိုရင် နှစ်ပေါင်း ၁၂၃ နှစ်ရှိပြီလို့ ပြောရပါလိမ့်မယ်။ တိုင်းပြည်ရဲ့မူဝါဒတွေကို အဓိက ချမှတ်ဦးဆောင်သွားတာကတော့ အိန္ဒိယမှာ ဘီဂျေပီ၊ ကွန်ဂရက်၊ ကွန်မြူနစ်စတဲ့ ပါတီကြီးတွေ ဖြစ်ကြပါတယ်။ အိန္ဒိယ စစ်တပ်ဟာ အဲဒီနိုင်ငံရေးပါတီကြီးတွေကို ဘယ်တုံးကမှ မကျော်နိုင်ခဲ့ပါ။ ကြီးမားလှတဲ့ အိမ်နီးခြင်း နိုင်ငံကြီးနှစ်နိုင်ငံဖြစ်တဲ့ တရုပ်နဲ့ အိန္ဒိယမှာ ယနေ့ကမ္ဘာက အသိအမှတ်မပြုဘဲ မနေနိုင်လောက်အောင်ကို တိုင်းပြည်တည်ငြိမ်မှုနဲ့ စီးပွားရေး တိုးတက်မှုတွေ ရှိလာကြပါတယ်။ အဲဒီလို ဖြစ်စေဘို့မူဝါဒ ချမှတ်ဦးဆောင်ခဲ့တာဟာ စစ်ဗိုလ်ချုပ်တွေ မဟုတ်ပါဘူး။ နိုင်ငံရေးပါတီကြီးတွေ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီ စနစ် ရှင်သန်ထွန်းကားအောင်လုပ်ဆောင်ခဲ့လို့ဖြစ်ပါတယ်။

အိန္ဒိယမှာ အတိုက်အခံနိုင်ငံရေးခေါင်းဆောင်တွေနဲ့ ပါတီတွေကို ဖိနှိပ်တဲ့ကာလ ရှိခဲ့ဘူးပါတယ်။ အဲဒါကတော့ ၁၉၇၅ နဲ့ ၁၉၇၉ ခုနှစ်အကြား မစ္စက် အင်ဒီရာဂန္ဒီ ဝန်ကြီးချုပ်အဖြစ် သံလက်နဲ့ အုပ်ချုပ်ခဲ့တဲ့ ကာလ ရယ်လို့သတ်မှတ်ကြပါတယ်။ ဒါပေမယ့် အဲဒီတုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ လွတ်လပ်စွာ ရပ်တည်ခွင့်ရှိတဲ့ တရားရုံးချုပ်ကနေ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းခံထားရတဲ့ အခွင့်အာဏာတွေကိုသုံးပြီး အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တွေကို ကာကွယ်စေါင့်ရှောက်မှု ပေးနိုင်ခဲ့တာကြောင့် အိန္ဒိယမှာ လူထု နိုင်ငံရေးပါတီစနစ်ဟာ ယနေ့အချိန်အထိ အားကောင်းစွာရှင်သန်နေဆဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးစ အချိန်ကစလို့ လူထုနိုင်ငံရေးပါတီစနစ်မှာ ပြသနာတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဆက်လက်ရပ်တည်ရှင်သန်နေခဲ့တဲ့ နိုင်ငံရေးပါတီစနစ်ကိုလည်း ၁၉၆၂ ခုနှစ် စစ်တပ်အာဏာ သိမ်းခဲ့ချိန်ကစလို့ ဖျက်ဆီးခြင်း ခံလိုက်ရပါတယ်။ စစ်ခေါင်းဆောင်တွေက လူထုပါတီ ပုံစံမျိုးနဲ့ မြန်မာဆိုရှယ်လစ် လမ်းစဉ်ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့ပေမယ့် အနှစ်သာရအရ လူထုပါတီမဟုတ်ဘဲ စစ်ဗိုလ်ချုပ်တွေကသာ ဦးဆောင်ထားတဲ့ ပါတီဖြစ်တယ်။ ဒါကြောင့် ၁၉၈၈ ခုနှစ်ရှစ်လေးလုံးလူထုအရေးတော်ပုံကြီး အတွင်းမှာ မဆလ ပါတီဟာ သမိုင်း အမှိုက်ခြင်းထဲကို ရောက်သွားခဲ့ရတယ်။ ၁၉၈၈ ခုနှစ် စစ်ခေါင်းဆောင်တွေက ထပ်မံအာဏာသိမ်းအပြီးမှာ လူထုပါတီအဖြစ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကြီး ပေါ်ပေါက်လာခဲ့ပေမယ့် ယခုအချိန်အထိ စစ်အာဏာရှင် တွေရဲ့ရန်ရှာမှုကို အမျိုးမျိုးခံနေရဆဲ ဖြစ်ပါတယ်။ တိုင်းပြည်အုပ်ချုပ်ရာမှာ ကျင့်သုံးတဲ့ စစ်အစိုးရရဲ့ မူဝါဒတွေကို လူထုပါတီအနေနဲ့ ဘယ်တုံးကမှ လွှမ်းမိုးနိုင်ခဲ့ခြင်း မရှိပါဘူး။

လူထု အတွက် သေရေးရှင်ရေးဖြစ်တဲ့ အခုလိုအရေးကြီးတဲ့ အချိန်မှာ နိုင်ငံတကာက အကူအညီတွေ လက်မခံရေး၊ မလွှဲသာလို့လက်ခံရမယ် ဆိုရင်လဲ ရတဲ့အကူအညီတွေကို အာဏာရှင်စနစ်တည်မြဲရေးမှာ အသုံးချရေး ဆိုတဲ့ မူဝါဒကို လက်တဆုပ်စါ စစ်ခေါင်းဆောင်တစုကသာ ဆုံးဖြတ်ချမှတ်နေတာဖြစ်ပါတယ်။ တကယ်တော့ မုန်တိုင်းဘေးဒဏ်ခံရသူလူထုတွေ အထဲမှာ တပ်မတော်သားတွေကိုယ်တိုင်ရဲ့ မိသားစုတွေ၊ ဆွေမျိုးတွေ သောင်းနဲ့ သိန်းနဲ့ချီပြီး ပါဝင်ကြမှာ မလွဲပါဘူး။ ဒါပေမယ့် အကူအညီကိစ္စ မူဝါဒချမှတ်ရာမှာ လူထုပါတီကို ပစ်ပယ်ထားရုံသာမက အောက်ခြေတပ်မတော်သားတွေကိုယ်တိုင်မှာလည်း ပြောခွင့်ဆိုခွင့် ပါဝင်ခွင့်ရှိတာ မဟုတ်ပါဘူး။ အခြေခံကတော့ လူထုနိုင်ငံရေးပါတီ စနစ်ကို ဖျက်ဆီးခြင်းခံထားရတဲ့ အကျိုးဆက်ဘဲ ဖြစ်ပါတယ်။ လူထုနိုင်ငံရေးပါတီစနစ်ကို ကျင့်သုံးမှသာလျှင် တပ်မတော်သားတွေပါ ပါဝင်သဘောထားပေးခွင့်ရမှာ ဖြစ်ပါတယ်။

နအဖ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ အတည်ပြုကျင့်သုံးသွားမယ်ဆိုရင် လူထုနိုင်ငံရေးပါတီစနစ်ကို ပုံစံတကျ ဆက်လက်ဖျက်ဆီးသွားဦးမှာ သေချာလှပါတယ်။ ဘာကြောင့်လဲဆိုတော့ ပုဒ်မ(၄၀၄) မှာ နိုင်ငံရေး ပါတီ တရပ်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တန့်ခိုင်မြဲရေး တို့ကို ဦးတည်ချက် ထားရှိရမည်။ လူထုနိုင်ငံရေးပါတီ ဆိုတာ လူထုက

မြှော်မှန်းလိုလားတဲ့ နိုင်ငံရေး ရည်မှန်းချက်ကို ဦးတည်ချက်အဖြစ်ထားရှိရတာဖြစ်ပါတယ်။ ဘယ်ဟာကိုတော့ ဦးတည်ချက်ထား၊ ဘယ်ဟာကို မထားနဲ့ ရယ်လို့ပိတ်ပင်တာဟာ လူထုနိုင်ငံရေးပါတီစနစ်ကို ဖျက်သိမ်းလိုက်တာဘဲ ဖြစ်ပါတယ်။

အခုလို ပြဌာန်းချက်တွေကိုသုံးပြီး နိုင်ငံရေးပါတီတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ကြီးကြီးမားမားကန့်သတ်ခံရတာမျိုး ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှာမှ မရှိပါဘူး။ အဲဒီ ပုဒ်မကို ထောက်ပြပြီး ပထမဆုံးရန်ရှာခံရမှာကတော့ အပစ်အခတ်ရပ်စဲရေး လုပ်ထားတဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေ ဖြစ်ပါလိမ့်မယ်။ ဒုတိယ ခံရမှာကတော့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကိုယ်တိုင်ပါဘဲ။ ပါတီ ဖျက်သိမ်းခံရတဲ့ အထိ ဖိအားပေးခံရတော့မယ်လို့ တွက်ချက်လို့ ရနိုင်ပါတယ်။

မုန်တိုင်းဘေးဒဏ် ခံရတဲ့ ဒေသတွေက လွဲရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုရဲ့ ၉၂ ဒသမ ၄ ရာခိုင်နှုန်းက အတည်ပြုလိုက်ပြီလို့ နအဖရဲ့ ကော်မရှင်က ကြေငြာသွားခဲ့တယ်။ နအဖ ပြုစုထားတယ်ဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေစါအုပ်ကို တခါမှတောင် မမြင်ဘူးလိုက်ရတဲ့ လူထု ရောမ အများစုကြီးက ထောက်ခံမဲပေးလိုက်ကြတယ်ဆိုတာ သကြားမင်းကြီး ဆင်းပြောတောင်မှ ယုံနိုင်ဘွယ် မရှိပါဘူး။ နအဖ ကတော့ ဘယ်သူက ဘာဘဲပြောပြော၊ သူ့ဖွဲ့စည်းပုံကို သူ့ဟာသူ အတည်ပြုပြီး၊ သူ့လမ်းသူ ဇွတ်လျှောက်တော့မှာ သေချာသလောက်ရှိနေပါပြီ။

လူထု နိုင်ငံရေးပါတီစနစ်ကို ဖျက်ဆီးထားပြီး စစ်အာဏာရှင်စနစ်ကို ဥပဒေနဲ့ အညီ သက်ဆိုးရှည်အောင်လုပ်ထားတဲ့ လမ်းကြောင်းကို လက်မခံနိုင်တဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေ၊ လူထုအသင်းအဖွဲ့တွေ၊ လူ့အခွင့်အရေး လှုပ်ရှားတက်ကြွသူတွေ အတွက်သာမက၊ လူထုနိုင်ငံရေးပါတီစနစ်ကို လိုလားတဲ့ တပ်မတော်သားတွေပါ လျှောက်ရမယ့် လမ်းကြောင်းကတော့ ရှင်းရှင်းကြီးဘဲ ဖြစ်ပါတယ်။

နအဖ ဖွဲ့စည်းပုံကို အသက်သွင်းသွားမယ်ဆိုရင် တိုင်းပြည်နဲ့လူထု ဆက်လက်တွေ့ ကြုံနိုင်မယ့် ကံကြမ္မာတွေနဲ့ ဆက်စပ်လို့ ဖွဲ့စည်းပုံပညာပေးရေး လုပ်ငန်းတွေ ဆက်လုပ်သွားကြဘို့၊ ဆန္ဒခံယူပွဲ အတွင်းထဲမှာ မရိုးမသားလုပ်ထားခဲ့တဲ့ ကိစ္စမှန်သမျှကို နိုင်ငံတကာက ခရေစေ့တွင်းကျသိရှိအောင် စနစ်တကျ ဖွင့်ချဖေါ်ထုတ်ကြဘို့၊ နအဖ ဖွဲ့စည်းပုံနဲ့ ပတ်သက်လို့လူထုရဲ့ ဆန္ဒအမှန် ဖေါ်ထုတ်ရေးလှုပ်ရှားမှုတွေ ဆက်လက်ဖေါ်ဆောင်ဘို့၊ လူထုနိုင်ငံရေးပါတီ စနစ်ကို အာမခံချက်ပေးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ပေါ်ပေါက်လာအောင် ဆက်လက်ကြိုးပမ်းသွား ကြဘို့သာ ရှိတဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။